# Here's How

## Windows 7 ရဲ့ start menu ကို စီမံခန့်ခွဲခြင်း

**Start menu က ရိုးရိုး program luncher တစ်ခုဆိုတာထက် ပိုမိုလုပ်ဆောင်နိုင်တာတွေ အများကြီးရှိပါတယ်။ Windows 7 မှာ start menu သုံးပြီး ဘယ်လိုအလုပ်တွင်ကျယ်အောင် လုပ်ရမလဲဆိုတာ ဖော်ပြပေးချင်ပါတယ်။**

Windows 7 မှာ start menu က အသုံးပြုရ ပိုလွယ်လာသလို ပိုပြီး အသုံးတည့် ကောင်းမွန်လာပါတယ်။ လုပ်ဆောင်ချက်တွေနဲ့ စိတ်ကြိုက်ချိန်ညှိစရာတွေလည်း တစ်ပုံတစ်ပင် ပါဝင်လာပါတယ်။

အခု start menu ကို စိတ်ကြိုက်အသုံးချကြည့်ပါမယ်။ ကိုယ်က start menu (Windows Logo ပုံ) ကို right click လုပ်ပြီး ရွေးစရာ ၂ ခုထဲက properties ကို click လုပ်ပါ။ အဲဒီမှာပေါ်လာတဲ့ Windows မှာ ကိုယ် enable လုပ်သင့်တဲ့ setting တွေကို တွေ့ရပါမယ်။ အဲဒါတွေကတော့ 'store and display recently opened programs in the start menu' နဲ့ 'store and display recently opened items in the start Menu and taskbar' တို့ပါပဲ။ ဒီ setting တွေက privacy ခေါင်းစဉ်အောက်မှာ ရှိပါတယ်။ ကိုယ်က system ကို ဝေမျှသုံးနေရတယ်ဆိုရင်တော့ ဒီ setting တွေကို enable မလုပ်သင့်ပါဘူး။

နောက်တစ်ဆင့်မှာ customize ခလုတ်ကို နှိပ်ပါ။ ရွေးချယ်စရာတွေ အများကြီးတွေ့ရမှာပါ။ အောက်မှာ ဖော်ပြပေးထားတာက စာရေးသူရဲ့ start menu အတွက် ရွေးချယ်ထားတဲ့ setting တွေပါပဲ။

### Number of recent program and recent items to display

ဒါကို start menu size အောက်မှာ တွေ့ရမှာဖြစ်ပြီး default ကတော့ ၁၀ ဖြစ်ပါတယ်။ စာရေးသူရဲ့ screen ကကြီးတာမို့လို့ ၂၀ ထားလိုက်ပါတယ်။

### Computer

စာရေးသူက Dispaly as a menu ကို ရွေးထားလိုက်ပါတယ်။ ဒါမှ drive တွေနဲ့ folder တွေကို click အပိုတွေ နှိပ်စရာမလိုဘဲ ဝင်ရောက်နိုင်မှာပါ။




စိတ်ကြိုက်ချိန်ညှိစရာတွေ start menu မှာ ရှိနေပါတယ်။ အဲဒီအတွက် start menu ပေါ်မှာ right click နှိပ်ပြီး properties ထဲက customize ကို ရွေးရုံပဲ။

### Downloads

ဒါကိုတော့ link အနေနဲ့သတ်မှတ်ထားလို့ download folder ဆီကို click တစ်ချက်တည်းနဲ့ ရောက်ရှိနိုင်ပါတယ်။

### Game

ဒါကိုတော့ menu အနေနဲ့ သတ်မှတ်လိုက်တာမို့ စာရေးသူရဲ့ Windows ထဲက game တွေကို လျှင်လျှင်မြန်မြန် ဖွင့်နိုင်သွားပါတယ်။

### Network

အလျှင်အမြန် ဝင်ရောက်ဖို့ link အနေနဲ့ ရွေးထားပါတယ်။

### Recent Item

မကြာသေးမီက ဖွင့်ထားတဲ့ file တွေကို အလျှင်အမြန် ပြန်ဖွင့်နိုင်စေပါတယ်။

### Run Command

ဒါကို enable လုပ်ထားရင် search box ထဲမှာ run ဆိုပြီး ရိုက်ထည့်ဖွင့်စရာ မလိုတော့ပါဘူး။

### System Administration tool

ဒါက ပြဿနာတွေဖြေရှင်းရာမှာ မကြာခဏ အသုံးတည့်လေ့ ရှိပါတယ်။

## Start menu shortcut များ

အခု start menu အတွက် အပို shortcut လေးတွေ၊ လမ်းညွှန်ချက်လေးတွေကို ဖော်ပြပေးပါမယ်။ ကိုယ်က program တွေ အများကြီး install လုပ်ထားတယ်ဆိုရင် All program ထဲက ရှာတာထက် keyboard သုံးတာက ပိုကောင်းပါတယ်။ Windows key နဲ့ R key ကို တွဲနှိပ်ပါ။ Run box ပွင့်လာပါမယ်။ အဲဒီမှာ program ရဲ့ နာမည် ရိုက်လိုက်ရင် အဲဒီ program ပွင့်လာမှာပါ။ ဒါပေမဲ့ အဲဒီ app ရဲ့ တကယ့်အမည်ကို သိရပါမယ်။ ဥပမာ– Word အတွက် ဆိုရင် winword.exeလို့ ရိုက်ဖွင့်ရပါမယ်။ ဒါပေမဲ့ Word ရဲ့ အမည်က winword.exe ဆိုတာ ကိုယ်သိဖို့ မလွယ်ပါဘူး။ ကိုယ်က program ရဲ့ အမည် တစ်ပိုင်းတစ်စ သိရင်တော့ Windows ရဲ့ search လုပ်ဆောင်ချက်ကိုသုံးပြီး ရှာနိုင်ပါတယ်။ Windows key ကို နှိပ်ပြီး wor လို့ ရိုက်ကြည့်ပါ။ ခဏအကြာမှာ list တစ်ခု ပေါ်လာပါမယ်။

အဲဒီအထဲမှာ Word Program ကို တွေ့ရပါမယ်။ အဲဒါအပြင် တခြား document တွေ၊ shocket တွေနဲ့ program တွေရဲ့ အမည်ကိုပါ တွေ့ရပါမယ်။ အဲဒီမှာ ကိုယ်ဖွင့်ချင်တာကို click လုပ်ရုံပါပဲ။ တကယ်လို့ ကိုယ်က wor လို့ ရိုက်ပြီး enter ခေါက်လိုက်ရင် list ထဲက အပေါ်ဆုံးမှာရှိတဲ့အရာ ပွင့်လာမှာပါ။ ဒါက ရိုးရှင်းပြီး အကျိုးရှိပါတယ်။ တစ်ခါတလေ ကိုယ်က အပိုအက္ခရာကို ရိုက်ထည့်ရပါမယ်။ Ex လို့ ရိုက်ပြီး enter ခေါက်ရင် internet explorer ပွင့်လာမှာပါ။ Excel ဖွင့်ဖို့ဆိုရင် exc လို့ ရိုက်ရပါလိမ့်မယ်။ ■

# Folder တွေအတွက် keyboard shortcut တည်ဆောက်ခြင်း

ကိုယ်က folder တစ်ခုကို taskbar ပေါ်မှာ pin လုပ်လို့မရနိုင်ပေမယ့် အလားတူလုပ်ပေးနိုင်တဲ့ နည်းလမ်းတစ်ခု ရှိပါတယ်။ နောက်တစ်ခု ဖော်ပြပေးမှာက Windows Live Mail မှာ gmail က စာတွေ ပြည့်ကျပ်မသွားအောင် လုပ်ဆောင်ရမယ့်နည်းပါပဲ။ အလွယ်တကူသုံးနိုင်အောင် folder တစ်ခုကို taskbar ပေါ်မှာ pin လုပ်လို့ရနိုင်မလားဆိုတာ သိချင်ပါတယ်။

Windows 7 က program တွေ၊ file တွေကို taskbar မှာ pin လုပ်ခွင့်ပေးထားပေမယ့် folder ကိုတော့ ခွင့်ပြုမထားပါဘူး။ ဒါပေမဲ့ တခြားနည်းလမ်းတစ်ခုကို အသုံးပြုနိုင်ပါတယ်။

1. Windows Explorer ကိုဖွင့်ပါ။ ပြီးတော့ ကိုယ်လုပ်ချင်တဲ့ folder ကို ရွေးပါ။
2. Folder ပေါ်မှာ right click နှိပ်ပြီး send to ထဲက desktop (create shortcut) ကို ရွေးပါ။
3. တခြား ဖွင့်ထားတဲ့ Windows တွေအားလုံးကို minimize လုပ်ပါ။ ကိုယ် shortcut လုပ်လိုက်တဲ့ folder icon ကို desktop ပေါ်မှာရှာပါ။
4. အဲဒီ shortcut icon ပေါ်မှာ right click နှိပ်ပြီး properties ကိုရွေးပါ။
5. Shortcut tab ထဲက shortcut key ဆိုတဲ့ field ထဲမှာ click ချပါ။
6. ပြီးရင် ကိုယ့် shortcut အဖြစ်သုံးချင်တဲ့ key တွေကို

တွဲနှိပ်ပါ။ (ဥပမာ– <ctrl>+<shift>+F အဲဒီမှာ key တွေ ဝင်သွားပါမယ်။)

7. နောက်ဆုံးမှာ OK ကို နှိပ်လိုက်ပါ။

အခု ကိုယ်က တခြား program ကိုသုံးနေတယ်ဆိုရင်တောင် အဲဒီ key တွေနှိပ်လိုက်ရင် ကိုယ်သတ်မှတ်ထားတဲ့ folder ပွင့်လာမှာပါ။ (ဒါကို app တွေဖွင့်ဖို့လည်း အသုံးပြုနိုင်ပါတယ်။)




နောက်ဆုံးအဆင့်မှာ ကိုယ်သတ်မှတ်ချင်တဲ့ key အတွဲတွေကို နှိပ်ပါ

## Gmail ကို message တွေအများကြီး download မလုပ်အောင် တားဆီးခြင်း

မကြာသေးခင်က စာရေးသူဟာ Windows Live Mail 2011 ကို install လုပ်ပြီး gmail account နဲ့ တွဲသုံးဖို့ စီစဉ်နေတဲ့ မိတ်ဆွေတစ်ယောက်ကို ကူညီပေးခဲ့ရပါတယ်။ ခက်တာက သူ့မှာ message ပေါင်း ၇၅,၀၀၀ ကျော် ရှိနေတာပါ။ Live Mail ကလည်း အဲဒါတွေအားလုံးကို download လုပ်ချင်နေပါတယ်။ (Live Mail က download လုပ်ရမယ့် message အရေအတွက်ကို ကန့်သတ်မထားနိုင်ပါဘူး။)

ကံကောင်းတာက gmail မှာ အဲဒါကိုတားဆီးဖို့ နည်းလမ်းရှိနေတာပါပဲ။

1. Browser ကိုဖွင့်ပြီး gmail account ထဲဝင်ပါ။
2. ညာဘက်ထောင့်က ခွေးသွားစိတ်ပုံလေးကို click လုပ်ပြီး mail setting ကို ရွေးပါ။
3. Forwarding and POP/IMAP tab ကို ရွေးပြီး folder size limit ကို ရှာပါ။
4. အဲဒီ setting ကို enable လုပ်ပါ။ (ဒါက IMAP folder ကို သတ်မှတ် အရေအတွက်ထက် message တွေ လက်မခံဖို့ ပြောတာပါပဲ။)
5. သတ်မှတ်ချင်တဲ့ message အရေအတွက်ကို ရွေးပါ။ 1000 ၊ 2000 ၊ 5000 ၊ ဒါမှမဟုတ် 10000 ကို ရွေးရုံပါပဲ။ (ဒါက နောက်ပိုင်းမှာ ပြန်ပြောင်းလို့ရပါတယ်။) ■

# File အဟောင်းတွေကို ဘယ်လိုဖွင့်မလဲ




Quick View Plus က file အမျိုးအစား ၃၀၀ ကျော်ကို ပြသပေးနိုင်ပါတယ် (ဒါပေမဲ့ multimedia file တွေ မပါပါဘူး)

ကိုယ်ဖွင့်ကြည့်ချင်တဲ့ အရမ်းဟောင်းနေပြီဖြစ်တဲ့ file တွေ ထည့်ထားတဲ့ CD တစ်ချပ်ရှိတယ်ဆိုပါတော့။ Double click လုပ်လည်း သက်ဆိုင်ရာ program နဲ့ ပွင့်မလာဘူးဆိုရင်တော့ FILExt.com ၊ ဒါမှမဟုတ် File Extensions.org တို့မှာ extension တွေကို ရှာဖွေကြည့်ရပါမယ်။ ဒီ site ၂ ခုက အဲဒီ file ကို ဘယ် programနဲ့ ဖွင့်ရမလဲဆိုတာ ပြောပြနိုင်မှာပါ။

ဒါမှမဟုတ် နောက်တစ်နည်းအနေနဲ့ search engine တစ်ခုကိုသွားပြီး open ext file လို့ ရိုက်ထည့်ပါ။ Ext ဆိုတဲ့ နေရာမှာ ကိုယ်သိချင်တဲ့ file extension ကိုထည့်ရပါမယ်။ ဥပမာ– ကိုယ်က .wb1 file ကို ဖွင့်ချင်တယ်ဆိုရင် open wb1 file လို့ ရိုက်ထည့်ပြီး

ရှာနိုင်ပါတယ်။ ကိုယ့်အတွက် အသုံးတည့်တဲ့အဖြေကို ရမှာ ကျိန်းသေပါပဲ။

OS က extension တွေနဲ့သက်ဆိုင်ရာ app တွေကို မတွဲပေးနိုင်လို့ သုံးစွဲသူတွေက file extension ကိုပါ ထည့်ရိုက်ရတဲ့ DOS ခေတ်ကို မှတ်မိမှာပါ။

ကိုယ်က အဲဒီ file ကို ဘာ program နဲ့ ဖွင့်ရမယ်ဆိုတာ သိနေရင်တော့ အဲဒီ file ကို program ထဲ drag and drop ဆွဲထည့်လိုက်ရုံပါပဲ။ WorldPerfect file အဟောင်းကို Word ထဲ ဆွဲထည့်လိုက်တာ ပွင့်လာပါတယ်။

နောက်ဆုံးနည်းကတော့ Quick View Plus Standard *(find.pcworld.com/71964)* ကို download ဆွဲပြီး install လုပ်ပါ။ အဲဒီ အစမ်းရက် ၃၀ သုံးနိုင်တဲ့ ၄၉ ဒေါ်လာတန် file viewer က ဘာ extension မှ မလိုတဲ့ file အမျိုးအစားပေါင်း ၃၀၀ ကျော် ဖွင့်လှစ်နိုင်ပါတယ်။ ■

## Package များအတွက် စိတ်မပူရစေဖို့ Parcels app



ဒီ Parcels Android app က ကိုယ့်ရဲ့ ကုန်ပစ္စည်းမှာယူမှုတွေကို စောင့်ကြည့်ရမှာ ကူညီနိုင်ပါတယ်

စာရေးသူက package တွေ အများအပြား လက်ခံရလေ့ ရှိပါ တယ်။ စာရေးသူရဲ့ online shopping အကျင့်နဲ့ နည်းပညာ ကုမ္ပဏီတွေက သူတို့ရဲ့ gadget နဲ့ တခြားအရာတွေကို စမ်းသပ်ဖို့ ပို့ပေးတာတွေကြောင့် DHL၊ FedEx ၊ OnTrac နဲ့ UPS က driver တွေနဲ့ အသိမိတ်ဆွေတောင် ဖြစ်နေပါပြီ။

ဒါပေမဲ့ မှာထားတဲ့ package တွေ သတ်မှတ်ချိန်အတိုင်း ရောက်ရှိဖို့ စောင့်ကြည့်ရာမှာတော့ စာရေးသူရဲ့ phone ကို သုံးပါတယ်။ Parcels လို့ခေါ်တဲ့ Android app *(find.pcworld.com/72215)* ကို phone မှာ ထည့်သွင်းထားပါတယ်။

သူ့ကိုသုံးရတာ သိပ်အခက်ကြီး မဟုတ်ပါဘူး။ Shipping confirmation notice ထဲက tracking code ကို ကူးပြီး Parcels ထဲမှာ ထည့်လိုက်ရုံပါပဲ။ ပြီးတော့ ကိုယ်ကြိုက်တဲ့ အမည်တစ်ခု ပေးလိုက်ပါ။ Parcels က အဲဒါကို app ရဲ့ စာရင်းထဲမှာ သွင်းသွားပေးမှာပါ။ ပြီးတော့ ပို့ပေးတဲ့ ကုမ္ပဏီအရ အရောင်တွေ အလိုအလျောက် သတ်မှတ်ပေးသွားမှာပါ။ (DHL အတွက် အဝါ၊ FedEx အတွက် ခရမ်း၊ OnTran အတွက် အပြာ အစရှိသဖြင့်) ဒါကြောင့် ခွဲခြားသိရှိဖို့ လွယ်ကူပါတယ်။ ပို့လိုက်တဲ့ package တွေကို ခြေရာခံဖို့ Parcels မှာ packing slip ပေါ်က tracking နံပါတ်ကို ဖမ်းယူနိုင်တဲ့ barcode scanner app ကို သုံးနိုင်တဲ့ လုပ်ဆောင်ချက် ပါရှိပါတယ်။ ဒါကြောင့် နံပါတ်တွေကို ရိုက်သွင်းပြီး စစ်ဆေးနေစရာလည်း မလိုတော့ပါဘူး။ ■

အောင်မြင့်နိုင်

## Upgrade လုပ်လို့ မဆုံးနိုင်တော့ပါ

PCWorld ရဲ့ စာဖတ်ပရိသတ်တစ်ယောက် ဖြစ်တဲ့ Jason Ranni ဟာ သိပ်မကြာခင်ကပဲ Microsoft က အလုံခြုံဆုံးဖြစ်တယ်လို့ ပြော ထားတဲ့ Internet Explorer 9 ကို upgrade လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူက Microsoft ကပဲ ပိုင်ဆိုင်တာဖြစ်တဲ့ Canada MSN site ကိုဝင် တော့ နဖူးစည်းကြော်ငြာနေရာမှာ "ပိုလုံခြုံတဲ့ IE8 ကို upgrade လုပ်ပါ"ဆိုတဲ့ စာတန်းကိုတွေ့ခဲ့ရပါတယ်။ ဒီကြော်ငြာ စာတန်းကို ကြည့်ပြီးတော့ FireFox 4 တို့ Google Chrome II တို့အတွက် ကြော်ငြာချက်တွေလည်း ရှိနေနိုင်ပါတယ်လို့ တွေးမိပါတယ်။ ■




ပုံစာ / ပုံသည် PCW July'11 PDF(pg96) က The Back Page ရဲ့ အောက်ဆုံးပုံ - ပိုလုံခြုံတဲ့ IE8 ကို upgrade လုပ်ပါ (အခမဲ့)